# ဒီမိုကရေစီနိုင်ငံနှင့် ပညာရေးပြုပြင်ပြောင်းလဲမှု
# ပညာရေးစီမံခန့်ခွဲမှု မည်သူ့တွင်တာဝန်ရှိသလဲ။

ဒေါက်တာသိန်းလွင် (ပညာရေး)

ဒီလှိုင်း အတွဲ(၁)၊ အမှတ်(၂၉ )၊ တနင်္လာနေ့ ၆-၈- ၂၀၁၂။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် စီမံခန့်ခွဲမှုအဆင့်ဆင့်၌ ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲရပါမည်။ စာသင်ကျောင်းတစ်ကျောင်းကို ဥပမာပေး၍ဆွေးနွေးပါမည်။ ကျောင်းသားလက်ခံရေး၊ ဆရာခန့်ထားရေး၊ သင်ကြားရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေးအစရှိသည့်စီမံခန့်ခွဲမှုများကိုကျောင်းအုပ်ချုပ်ရေးအဖွဲ့(School Governing Body) ကတာဝန်ယူသင့်ပါသည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းသားမိဘအသင်းကိုယ်စားလှယ်၊ ဆရာများသမဂ္ဂကိုယ်စားလှယ်၊ ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်နှင့်ဘာသာရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များ ပါဝင်သင့်ပါသည်။

အုပ်ချုပ်ရေးအဖွဲ့၏စည်းဝေးဆုံးဖြတ်ချက်များကို ကျောင်းအုပ်ကြီးက တာဝန်ယူ အကောင်အထည်ဖော်ရပါမည်။ ကျောင်းအုပ်ကြီးသည်အာဏာပိုင်မဖြစ်ရပါ။ ဆရာ၊ ဆရာမများနှင့်အစည်းအဝေးကျင်းပ၍ တာဝန်များကိုခွဲဝေထမ်းဆောင်ရပါမည်။ ပညာရေးကိစ္စကိုအကောင်အထည်ဖော်ရန်အတွက် ပညာရေးနှင့်သက်ဆိုင်သူအားလုံး ပါဝင်ရပါမည်။ ကျောင်းအုပ်ဆရာတစ်ဦးတည်း၏ စိတ်ကူးစိတ်သန်းနှင့် အဆုံးအဖြတ်သည်အများနှင့်ကိုက်ညီရန် ခဲယဉ်းပါသည်။ ပညာရေးနှင့်သက်ဆိုင်သူအားလုံး၏ပါဝင်မှုသည် အရေးကြီးပါသည်။ ကျောင်းစည်းကမ်း၊ ကျောင်းဝတ်စုံ၊ အားကစား၊ လေ့လာရေးခရီးအစရှိသည့် ကျောင်းသားများနှင့်တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စများတွင် ကျောင်းသားကိုယ်စားလှယ်များပါဝင်ဆွေးနွေးဆုံးဖြတ်သင့်ပါသည်။ ယခင်ခေတ်က ကျောင်းသားများသည် အုပ်ချုပ်သူနှင့် ဆရာ၊ ဆရာမများ၏အဆုံးအဖြတ်ကိုသာ နာခံခဲ့ရသည်။ ဒီမိုကရေစီခေတ်တွင် ကျောင်းသား၊ ကျောင်းသူများသည် သူတို့၏ပညာရေးနှင့်ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ (ပါဝင်ဆောင်ရွက်သူများ) ဖြစ်သင့်ပါသည်။ ပညာရေးဆိုင်ရာအဆုံးအဖြတ်ပေးရာတွင် ကျောင်းသားများ၏ပါဝင်မှုသည် အရေးကြီးပါသည်။

စာသင်ခန်းအဆင့်တွင်လည်း ဆရာသည်ကျောင်းသားများကို အမိန့်ပေးစေခိုင်းသူမဖြစ်ရပါ။ ကျောင်းသားများ၏ သင်ယူမှုတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်ပေးသူဖြစ်ရပါမည်။ သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများ၊ တတ်မြောက်မှုစစ်ဆေးခြင်းနည်းလမ်းများနှင့် စာသင်ခန်းဆိုင်ရာ စည်းကမ်းများချမှတ်ရာတွင် ကျောင်းသားများ၏အကြံဉာဏ်နှင့် ပါဝင်လုပ်ဆောင်မှုကို ကြိုဆိုရပါမည်။ ကျောင်းသားများတွင်တစ်ဦးနှင့်တစ်ဦး မတူညီကွဲပြားသော စွမ်းရည်များနှင့်သင်ယူမှုပုံစံများ ရှိကြပါသည်။ သူတို့၏စွမ်းရည်နှင့်သင်ယူမှုပုံစံများအလိုက် သင်ယူမှုကိုချဉ်းကပ်ကြပါသည်။ ဆရာတစ်ဦးတည်း၏စိတ်ကူးစိတ်သန်းနှင့် ခိုင်းစေချက်များသည် ဆရာနှင့်စိတ်ကူးတူသော ကျောင်းသားတချို့နှင့်သာ လျော်ညီမှုရှိနိုင်ပြီး ကျောင်းသားများအတွက် မကိုက်ညီနိုင်ပါသည်။ ဆရာသည် ကျောင်းသားများ၏မတူညီကွဲပြားမှုများကို အသိအမှတ်ပြုပြီး ကျောင်းသားတစ်ဦးစီနှင့် ကိုက်ညီမည့် သင်ကြားနည်းစနစ်များကို ရွေးချယ်ရပါမည်။

ကျောင်းသားတစ်ဦး၏သင်ယူမှုတိုးတက်ရေးအတွက် မိဘသည်လည်း အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါသည်။ ဆရာသည် ကျောင်းသားမိဘ၏အကြံဉာဏ်ကိုလည်း ရယူရပါမည်။ စာသင်ခန်းသည် ကျောင်းသားများ၏ကွဲပြားသော ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့်ယဉ်ကျေးမှုများကို လေးစားရပါမည်။ သင်ယူနေသည့်အကြောင်းအရာတစ်ရပ်အပေါ် ကျောင်းသားတစ်ဦးနှင့်တစ်ဦးအမြင်အယူအဆ ကွဲပြားမှုရှိလျှင် ခွင့်ပြုရပါမည်။ အမြင်အယူအဆတစ်ရပ်ကို တင်ပြရာတွင် ကျိုးကြောင်းထောက်ထားခိုင်လုံမှု၊ ဆီလျော်မှုနှင့်တရားမျှတမှုရှိရန် ဆရာကထိန်းကျောင်းပေးရပါမည်။ တချို့ကိစ္စရပ်များတွင် ကျောင်းသားများ၏အမြင်အယူအဆသည်ဆရာနှင့်လည်း ကွဲလွဲမှုရှိနိုင်ပါသည်။ ဆရာပြောသမျှအမှန်ဖြစ်သည်ဟု ယူဆ၍မရပါ။ ဆရာကိုယ်တိုင်လည်း ကျိုးကြောင်းထောက်ထားခိုင်လုံစွာတင်ပြရပါမည်။

ဒေသဆိုင်ရာအဆင့်တွင်လည်း ပညာရေးစီမံခန့်ခွဲမှုသည် ဒီမိုကရေစီနည်းကျ ဖြစ်ရပါမည်။ မြို့နယ်တစ်ခုကို ဥပမာပေး၍ ဆွေးနွေးလိုပါသည်။ မြို့နယ်အတွင်းရှိစာသင်ကျောင်းအသီးသီးသည်ကျောင်းအုပ်ချုပ်ရေးအဖွဲ့ (School Governing Body) ၏ စီမံခန့်ခွဲမှုအောက်တွင် လွတ်လပ်စွာဖွံ့ဖြိုးခွင့်ရှိသင့်ပါသည်။ မြို့နယ်ပညာရေးဌာန၏တာဝန်သည် စာသင်ကျောင်းများအောင်မြင်ရေးအတွက် ပံ့ပိုးကူညီသည့်ဌာနဖြစ်ရပါမည်။ အစိုးရကချမှတ်သည့် ဘဏ္ဍာငွေများပေးအပ်ရေး၊ ဘဏ္ဍာငွေသုံးစွဲမှုအပေါ် ပွင့်လင်းမြင်သာမှုနှင့်စနစ်ကျနမှုရှိရန်ကူညီရေးနှင့် ပညာရေးတိုးတက်မှုကို တိုင်းတာနိုင်ရန်အတွက် သုတေသနလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပါမည်။ ဆရာများခန့်ထားရေး၊ ကျောင်းပြောင်းရွှေ့ရေးကိစ္စများကို ကျောင်းအုပ်ချုပ်ရေး

အဖွဲ့က တာဝန်ယူသင့်ပါသည်။ ယခင်ခေတ်က ဆရာများခန့်ထားရေးနှင့်ကျောင်းပြောင်းရွှေ့ရေးကိစ္စများကို ပညာရေးဝန်ကြီး အထိ သွားရောက်ချဉ်းကပ်ကြပါသည်။ မလိုလားအပ်သော လာဒ်ပေး၊ လာဒ်ယူမှုများမကြာခဏကြားနေရပါသည်။ ဆရာခန့် ထားရေးနှင့် ကျောင်းပြောင်းရွှေ့ရေးကိစ္စများကို ဝန်ကြီးကကိုင်တွယ်ရန်မလိုပါ။ ဒီမိုကရေစီနည်းကျသည့် ပညာရေးပေါ်လစီ တစ်ရပ် ချမှတ်ထားလျှင် ပေါ်လစီအတိုင်းလိုက်နာဆောင်ရွက်လျှင် ကိစ္စပြီးပါသည်။

မြန်မာနိုင်ငံ၏လက်ရှိပညာရေးစနစ်သည် တင်းကျပ်သောဗဟိုချုပ်ကိုင်မှုအောက်တွင် ရှိနေသေးသည်။ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးပြီဆိုလျှင် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ပညာရေးဆိုင်ရာကိုယ်တိုင်ပြဋ္ဌာန်းခွင့် (autonomy) ရှိရပါမည်။ ပြည်သူ့လွှတ်တော်မှဦးဆောင်၍ ပညာရေးညီလာခံတစ်ရပ်ကျင်းပပြီး နိုင်ငံတော်၏ပညာရေးမူဝါဒနှင့် ပြည်နယ်၊ တိုင်းအသီးသီး မှ လိုက်နာဆောင်ရွက်ရမည့်ပညာရေးဆိုင်ရာစံများ ချမှတ်သင့်ပါသည်။ အဆိုပါပညာရေးညီလာခံတွင် သက်ဆိုင်ရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းပညာရေးဌာနများ၊ ပညာရေး ဆိုင်ရာ ပညာရှင်များ၊ ပါမောက္ခများ၊ ဆရာများသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာပုဂ္ဂိုလ်များ၊ စီးပွားရေး ပညာရှင်များ အစရှိသည့် ပညာရေးမူဝါဒနှင့်သက်ဆိုင်မည့် ပုဂ္ဂိုလ်များပါဝင်တက်ရောက်သင့်ပါသည်။ ညီလာခံမှ အကြံပြု သည့် ပညာရေးမူဝါဒနှင့်စံများကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးအတည်ပြုပြီးနောက် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုသင့်သည်။ ဗဟိုအစိုးရပညာရေးဌာနသည် ပြည်နယ်နှင့်တိုင်းများအတွက် ဘဏ္ဍာငွေများခွဲဝေပေး အပ်ရေး၊ ပြည်နယ်နှင့်တိုင်းများ ပညာရေးမူဝါဒအတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် အထောက်အကူပေးရေးနှင့် ပညာရေး အရည်အသွေးမြင့်မားရေးကို တာဝန်ယူရပါမည်။

ပညာရေးစီမံခန့်ခွဲမှုအဆင့်အသီးသီး၌ သက်ဆိုင်သူများပါဝင်လုပ်ခွင့်ရှိရေးအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချသော ပညာရေးစနစ်ကို ကျင့်သုံးသင့်ပါသည်။ ပညာရေးဆိုင်ရာကိစ္စများဖြစ်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ သင်ကြားရေး၊ စစ်ဆေး ရေး၊ ဆရာများခန့်ထားရေး၊ ကျောင်းသားလက်ခံရေး၊ ကျောင်းအဆောက်အအုံတည်ဆောက်ရေး၊ ဘဏ္ဍာငွေစီမံခန့်ခွဲရေး အစရှိသည့် ကိစ္စအဝဝကို ပြည်နယ်နှင့်တိုင်းအသီးသီးသို့လွှတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးသင့်ပါသည်။ ပြည်နယ်နှင့်တိုင်းများက လည်း လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ပညာရေးမူဝါဒ၊ စံထားချက်များနှင့်အညီ အကောင်အထည်ဖော်ရပါသည်။ ပြည်နယ်၊ တိုင်းအတွင်းနေထိုင်သော ပြည်သူ၊ ပြည်သားများ၏တန်ဖိုးထားမှုများကိုလည်း ထည့်သွင်းရပါသည်။ ပြည်နယ်နှင့် တိုင်းပညာရေးဌာနများက အထက်ဖော်ပြပါ ပညာရေးဆိုင်ရာကိစ္စအဝဝကို မြို့နယ်ပညာရေးဌာနများသို့ လုပ်ပိုင်ခွင့်ပေးအပ် ရပါသည်။ ဤသို့အားဖြင့်ပညာရေးဆိုင်ရာတာဝန်ရှိမှုနှင့် အကောင်အထည်ဖော်မှုတို့သည် စာသင်ကျောင်းကိုအခြေခံသော ဆရာ၊ဆရာများ၊ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့်တကွ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တို့၏အခန်းကဏ္ဍကို မြင့်မားစေပါ သည်။

စာသင်ကျောင်းကိုအခြေခံသော ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ စွမ်းရည်မြင့်မားရေးအတွက် မြို့နယ်၊ တိုင်းနှင့် ဗဟို ပညာရေးဌာနအဆင့်အသီးသီးက ဆောင်ရွက်ပေးရပါမည်။ ပညာရေးကို လက်တွေ့အကောင်အထည်ဖော်နေသူတို့၏ အခန်းကဏ္ဍမြင့်မားလာခြင်းအားဖြင့် ပညာရေးအဆင့်အတန်းမြင့်မားလာပါမည်။ ပညာရေးကို အမိန့်ပေးစနစ် (ဗဟိုချုပ်ကိုင်မှု) ဖြင့် ဆောင်ရွက်ခြင်းသည် အောင်မြင်မှုမရှိကြောင်း နှစ်ပေါင်း ၅၀ ကျော် အတွေ့အကြုံက ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အားလုံး၏ ပါဝင်မှုကိုပေးသည့် ဒီမိုကရေစီပညာရေးစနစ်ကို အကောင်အထည်ဖော်မှသာ အောင်မြင်ပါမည်။

ပညာရေးစီမံခန့်ခွဲမှုဘယ်သူ့တွင် တာဝန်ရှိသလဲဆိုသည့် မေးခွန်းကိုအတိုချုပ်ဖြေရလျှင် ပညာရေးနှင့်သက်ဆိုင် သူများဖြစ်ကြသော ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊မိဘများ၊ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များအားလုံးတွင် တာဝန်ရှိပါသည်။ ပညာရေးမူဝါဒနှင့်စံများကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးနောက် အကောင်အထည်ဖော်မှုအတွက် စာသင်ကျောင်းအဆင့်တွင် တာဝန်နှင့်လုပ်ပိုင်ခွင့်အပြည့်အဝ ရှိသင့်ပါသည်။ မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် ဗဟိုပညာရေးဌာနတို့မှ ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ကူညီထောက်ပံ့မှုများကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။

ရှေ့လာမည့်အပတ်များတွင် "ဒီမိုကရေစီနိုင်ငံနှင့် ပညာရေးပြုပြင်ပြောင်းလဲမှု" ခေါင်းစဉ်အောက်၌ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး၊ သင်ကြားရေး၊ စစ်ဆေးရေးကဏ္ဍများကို ဆွေးနွေးသွားပါမည်။ ။